# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

April 26, 2019 Volume 18, Number 16


| ၂၆.၄.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၀ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၃၇၅၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၄ ကျပ် |
| CBM Rate | = ၁၅၂၁.၇/ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၅.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၆.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၄.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၀.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၇၅၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၁.၁၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၈.၂၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၅၈၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကမ္ဘာ့ဘဏ်က မြန်မာ့စီးပွားရေးအပေါ် အကောင်းမြင်

၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ် မြန်မာနိုင်ငံ၏ ဂျီဒီပီမှာ (၆.၂) ရာခိုင်နှုန်းသို့ ကျဆင်း သွားခဲ့ပြီး စက်မှုလုပ်ငန်း စွမ်းအားကျဆင်းမှု၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းကျဆင်းသွားမှုတို့ကြောင့်ဖြစ်သော်လည်း စီးပွားရေးပြန်လည် တိုးတက်လာမည်ဟု ကမ္ဘာ့ဘဏ်ကပြောသည်။ မြန်မာနိုင်ငံရဲ့စီးပွားရေးအခြေ အနေတွေဟာ အပေါင်းလက္ခဏာဆောင်နေဆဲဖြစ်တယ်ဟု ရန်ကုန်အခြေစိုက် ကမ္ဘာ့ဘဏ်တာဝန်ရှိသူတစ်ဦးကပြောသည်။

၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်က နိုင်ငံ၏ ဂျီဒီပီမှာ (၆.၈) ရာခိုင်နှုန်းအထိ ရှိခဲ့ရာမှ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် (၆.၂) ရာခိုင်နှုန်းကို ကျဆင်းသွားခဲ့သော်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် (၆.၅) ရာခိုင်နှုန်းသို့ ပြန်လည် မြင့်တက်သွား မည်ဟု မျှော်လင့်ကြောင်း၊ အခြေခံကျသော ပြုပြင်ပြောင်းလဲမှုများနှင့်အတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးမြင့်လာမည့်လက္ခဏာများရှိနေပြီး ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲ ဖြစ်ပေါ်လာမည့် အခြေအနေများကြောင့် ယခုနှစ်အတွင်း ပြန်လည် ကောင်းမွန်လာဖွယ်ရှိကြောင်း ကမ္ဘာ့ဘဏ်ကဆိုသည်။ စီးပွားရေးပြုပြင် ပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များကို မြန်မာအစိုးရအနေနှင့် ပိုမိုဆောင်ရွက်လာခဲ့ သည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးမြင့်လာပြီး ဗဟိုဘဏ်အနေနှင့် နိုင်ငံခြားဘဏ်များကို ပိုမိုခွင့်ပြုလာခဲ့ခြင်းနှင့် ထပ်မံခွင့်ပြုမည့် အခြေအနေ တို့ကြောင့် ငွေကြေးဈေးကွက်အပေါ် အကျိုးသက်ရောက်မှုရှိလာနိုင်သည့် အချက်၊ အာမခံလုပ်ငန်းကို လိုက်လျောညီထွေဖြစ်အောင် ခွင့်ပြုပေးလာမှု၊ Myanmar Project Bank နှင့် Customs National Single Window Systems ကို ဆောင်ရွက်လာမှုတို့ကြောင့် အပြုသဘောဆောင်သော တိုးတက်လာမည့် လက္ခဏာများရှိနေကြောင်းဆိုသည်။

ရခိုင်အရေး၊ အီးယူမှ GSP အခွင့်အရေးကို ပြန်ရုပ်သိမ်းလာမှုတို့ကြောင့် ပို့ကုန်ကဏ္ဍအပေါ် အကျိုးသက်ရောက်မှု ရှိလာနိုင်ပြီး ကမ္ဘာ့စီးပွားရေးနှင့် ငွေကြေးအခြေအနေတို့ ရိုက်ခတ်မှုကြောင့် ပြည်တွင်းငွေကြေးဈေးကွက်နှင့် တန်ဖိုးတို့ အပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်း ကမ္ဘာ့ဘဏ်ကပြောသည်။ အခြေခံစားဝတ်နေမှုအတွက် အနည်းဆုံးဝင်ငွေမှာ ပြန်လည်တိုးတက်ကောင်းမွန်လာဖွယ်ရှိနေပြီး နှစ်အနည်းငယ်အတွင်း ဆင်းရဲမွဲတေမှုနှုန်း ကျဆင်းသွားကြောင်း ပြောသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2020247

## Yangon Investment Forum 2019 ကို LOTTE ဟိုတယ်တွင်ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့က ဦးဆောင်ပြုလုပ်သည့် Yangon Investment Forum 2019 ကို မေ ၁၀ ရက်မှ မေ ၁၁ ရက်ထိ ရန်ကုန်မြို့ရှိ LOTTE ဟိုတယ်တွင် ၂ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရှိရသည်။

"တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုပွဲများကို ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသ ကြီးတွင် ပြုလုပ်သောပွဲသည် အထူးအောင်မြင်ခဲ့၍ ယခုနှစ်တွင်လည်း ပြည်ပရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ် လျက်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံ သူတို့ အဓိကမေးမြန်းလေ့ရှိတဲ့ လျှပ်စစ်ဓာတ်အား၊ သောက်သုံးရေ၊ ရေဆိုးစွန့် ပစ်မှုနှင့်

ကျွမ်းကျင်လုပ်သား ကိစ္စအပါအဝင် အခြားသော ကဏ္ဍတို့ကို ရင်းနှီးမြှုပ်နှံသူတို့အတွက် ဆောင်ရွက် ထားရှိမှုကို သက်ဆိုင်ရာတာဝန်ရှိသူတို့က အသီးသီး ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။” ဟု ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြောသည်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်ရှိ Corporative Business Centre တွင် ဧပြီ ၂၅ ရက်က ကျင်းပသည့် ၂၀၁၉ ခုနှစ်၏ Yangon Investment Forum သတင်းစာရှင်းလင်း ပွဲတွင်ဝန်ကြီးက ယင်းကဲ့သို့ ပြောဆိုခြင်းဖြစ်သည်။ “ရန်ကုန်မှာ စက်မှုဇုန် ၂၉ ဇုန်နဲ့ သီလဝါ အထူးစီးပွားရေးဇုန် အပြင် စည်ပင်သာယာပြင်ပက မြို့နယ်စက်မှုဇုန် အသစ်တွေ ဖော်ဆောင်ခဲ့တာကြောင့် ပြီးခဲ့တဲ့ ဖိုရမ်မှာရရှိခဲ့တဲ့ အကျိုးကျေးဇူးတွေရှိခဲ့ပါတယ်။ အဲ့ဒီဖိုရမ်ကြောင့်ပဲ ဒေါ်လာသန်းရာချီပြီး MoU ထိုးဖို့ရှိနေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးဟာ မြန်မာနိုင်ငံရဲ့ အဓိကစီးပွားရေးအချက်အချာကျရာ မြို့ဖြစ်တာကြောင့် ဝင်လာမယ့် ရင်းနှီးမြှုပ်နှံမှုများဟာ မြန်မာနိုင်ငံအတွက် အရေးကြီးပါတယ်။ ပြီးခဲ့တဲ့လုပ်ဆောင်မှုဟာ ဒီနှစ်မှာမျှော်လင့်ချက် များစွာရှိလာပါတယ်။ ပြုပြင်ပြောင်းလဲမှုနဲ့ ဖြေလျှော့မှုတွေကို ယခုကျင်းပမယ့်ပွဲမှာ ရှင်းပြမယ့် အစီအစဉ် တွေလည်းရှိပါတယ်။” ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်း သဏ္ဍာမျိုးကပြောသည်။

Yangon Investment Forum 2019 တွင် အထည်ချုပ်လုပ်ငန်းနှင့် ဒစ်ဂျစ်တယ်နည်းပညာပိုင်းဆိုင်ရာ ကဏ္ဍတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ “နိုင်ငံတော်က ဆောင်ရွက်နေတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ဖို့ တစ်ဖက်တစ်လမ်းကနေ အထောက်အကူဖြစ်အောင် ဖွဲ့စည်းဆောင်ရွက်နေတဲ့ အဖွဲ့အစည်းလည်းဖြစ်ပါတယ်။ ပြည်တွင်းပြည်ပမှာ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု ပွဲတွေကို ဆောင်ရွက်ခဲ့ပြီးတော့ ၂၀၁၇ ခုနှစ်က နေပြည်တော်မှာ စတင်ကျင်းပခဲ့တာ အောင်မြင်မှုတွေ ရခဲ့ပါတယ်။ ကျင်းပတော့မယ့် ဖိုရမ်ပွဲကလည်း ရင်းနှီးမြှုပ်နှံသူတွေအတွက် အကျိုးရှိမယ့် ပွဲလည်း ဖြစ်ပါတယ်။“ဟု မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း Executive Vice Chairman ဖြစ်သူ ဦးဝင်းသိမ်းက ပြောသည်။ မြန်မာတစ်နိုင်ငံလုံး နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ၏ ၇၀ ရာခိုင်နှုန်း ကျော်သည် ရန်ကုန်တိုင်းဒေသကြီးတွင်ရှိပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၂၅ ရာခိုင်နှုန်းသည် ရန်ကုန်တိုင်း ဒေသကြီးတွင်ရှိကြောင်းသိရသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2020253

## ကန်စွန်းဥ စိုက်ပျိုးထုတ်လုပ်မှုအား စက်မှုသီးနှံအနေဖြင့် စိုက်ပျိုးထုတ်လုပ်သွားမည်

ပြည်တွင်းရှိ ကန်စွန်းဥစိုက်ပျိုးထုတ်လုပ်မှုများကို သုတေသနပြုလုပ်၍ စက်မှုသီးနှံအနေဖြင့် စိုက်ပျိုး ထုတ်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ထိုကဲ့သို့ စက်မှုသီးနှံအနေဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် တောင်သူများအား သင်တန်းများ ပေးအပ်သွားမည်ဖြစ်သလို စမ်းသပ်မှုများလည်း လုပ်ဆောင်နေပြီဖြစ်ကြောင်းသိရသည်။ အခုကတော့ မျိုးစေ့တွေကို သုတေသနလုပ်နေတယ်။ ဒါပြီးရင် တောင်သူတွေကို တန်ဖိုးမြှင့်စိုက်ပျိုးနိုင်ဖို့အတွက် သင်တန်းတွေ ပေးသွားပါမယ်။ ကန်စွန်းဥနဲ့ပတ်သက်ရင် တီထွင်ဖန်တီးပြီး စားသောက်လို့ရတာတွေအများကြီးရှိတယ်။ အာဟာရလည်း ရှိတယ်။ အရက်လည်းချက်လို့ရတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာက ကန်စွန်းဥကိုပြုတ်စားတယ်။ ဖုတ်စားတယ်။ ဒီလောက်ပဲ ကြော်စားတာတောင် သိပ်မရှိကြဘူး။ အဲဒါကြောင့် စားသုံးမှုမြှင့်တင်ရေးကိုလည်း အဓိကအနေနဲ့လုပ်သွားဖို့ရှိပါတယ်" ဟု You & I အထွေထွေသမဝါယမအသင်းလီမိတက်မှ အထွေထွေအတွင်းရေးမှူး ဒေါ်သင်ဇာဝင်းပြည့်ကျော်က ပြောသည်။

ယခင်က မြန်မာ့ကန်စွန်းဥကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့သလို ဈေးကွက်ဝယ်လိုအားလည်းရှိနေပြီး အရည်အသွေးပြည့်မီမှုမရှိသည့်အတွက် ဆက်လက်တင်ပို့နိုင်ခြင်းမရှိကြောင်း၊ လက်ရှိတွင် ကန်စွန်းဥစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးရေးနှင့် စားသုံးမှုမြှင့်တင်ရေး လှုပ်ရှားမှုများကိုလုပ်ဆောင်နေပြီး ပြည်တွင်းစိုက်ပျိုးမှုနှင့် ကိုက်ညီသည့်မျိုးစေ့များကို သုတေသန ပြုလုပ် ခြင်း၊ စမ်းသပ်ခြင်းများ လုပ်ဆောင်နေကြောင်းသိရသည်။ ထိုကဲ့သို့ ကန်စွန်းဥစိုက်ပျိုးထုတ်လုပ်မှုကို တန်ဖိုးမြင့် ထုတ်ကုန်အဖြစ်ထုတ်လုပ်နိုင်လျှင် ပြည်တွင်းဈေးကွက်ကျယ်ပြန့်မှုကို ဆောင်ရွက်နိုင်မည့်အပြင် ကမ္ဘာ့ ဈေးကွက်ကိုလည်း ပြန်လည်ထိုးဖောက်နိုင်မည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံအနေဖြင့် ကုန်ကြမ်းကိုသာတင်ပို့နိုင်ပြီး ကုန်ချောကို ပြန်လည်ဝယ်ယူစားသုံးနေရသည့်အတွက် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုများတွင် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ ကုန်ချောအဆင့်အထိ ပူးပေါင်းဆောင်

ရွက်ရန်လိုအပ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးသန်းအောင်စိုးက ပြောသည်။
**Source: Commerce Journal**

## အကြွေးဝယ်ကတ် Credit Card များအပေါ် ကောက်ခံနိုင်သည့် အမြင့်ဆုံးတိုးနှုန်းကို တစ်နှစ်လျှင် ရာခိုင်နှုန်း ၂၀ အထိ တိုးမြှင့်သတ်မှတ်ရန် နိုင်ငံတော်ဗဟိုဘဏ်ညွှန်ကြား

အကြွေးဝယ်ကတ် Credit Card များအပေါ် ကောက်ခံနိုင်သည့် အမြင့်ဆုံးအတိုးနှုန်းကို တစ်နှစ်လျှင် ရာခိုင်နှုန်း ၂၀ အထိ တိုးမြှင့်သတ်မှတ်ရန် နိုင်ငံတော် ဗဟိုဘဏ်က ညွှန်ကြားချက်ထုတ်ပြန်ခဲ့ကြောင်းသိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များက အကြွေးဝယ်ကတ် Credit Card ဖြင့် ဝန်ဆောင်မှုပေးသည့် ချေးငွေပမာဏအပေါ် ကောက်ခံနိုင်သည့် အမြင့်ဆုံးအတိုးနှုန်းကို တစ်နှစ်လျှင် ရာခိုင်နှုန်း ၂၀ သတ်မှတ်လိုက်ကြောင်း ညွှန်ကြားချက်အမှတ် ၁၄/၂၀၁၉ ထုတ်ပြန်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်တွင်းဘဏ်များမှ Credit Card ဝန်ဆောင်မှုပေးအပ်ခြင်းကို ၂၀၁၅ ခုနှစ်အတွင်း စတင်ခွင့်ပြုခဲ့ပြီး အတိုးနှုန်းကို ၁၃ ရာခိုင်နှုန်း စတင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၁၆ ရာခိုင်နှုန်းအထိ အတိုးနှုန်း မြှင့်တင်ခဲ့ပြီး ယခု အမြင့်ဆုံး အတိုးနှုန်းကို ရာခိုင်နှုန်း ၂၀ အထိ ကောက်ခံရန် ညွှန်ကြားချက် ထပ်မံ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ပုဂ္ဂလိက ဘဏ်များသည် အကြွေးဝယ်ကတ်များကို ၂၀၁၅ ခုနှစ်မှ စတင် ဝန်ဆောင်မှုပေးခဲ့ကြပြီး ကတ်အမျိုးအစား အမျိုးမျိုး ထုတ်ဝေခဲ့ကြသည်။ အသက် ၂၁ နှစ် ပြည့်ပြီးသူတိုင်း Credit Card လျှောက်ထားနိုင်ပြီး MPU အမှတ်တံဆိပ်ပါရှိသော နေရာများ ဖြစ်သည့် ဈေးဝယ်စင်တာများ၊ ဓာတ်ဆီဆိုင်များ၊ စားသောက်ဆိုင်များနှင့် ဟိုတယ်များ စသည့် POS (Point of Sale) စက် တပ်ဆင်ထားသော နေရာများနှင့် ATM စက်များတွင် ငွေသားထုတ်ယူအသုံးပြုနိုင်သည်။ ထို့ပြင် ပြည်တွင်း e-Commerce Website များတွင်လည်း သုံးစွဲနိုင်ပြီး နိုင်ငံတကာတွင်လည်း ငွေပေးချေမှုများ၊ ပြည်ပ ATM စက်များတွင် ငွေသားထုတ်ယူ သုံးစွဲမှုများလည်း ဆောင်ရွက်နိုင်ကြောင်းသိရသည်။

ဘဏ်များသည် ၎င်းတို့ ထုတ်ဝေသော Credit Card များအတွက် ကတ် အမျိုးအစားအလိုက် ကတ်တန်ဖိုးနှင့် နှစ်စဉ်ကြေးများ ကောက်ခံလျက်ရှိပြီး အနည်းဆုံး ကျပ် ၃၀၀၀၀ မှ အများဆုံး ကျပ် ၁၇၀၀၀၀ ဝန်းကျင်အထိရှိ သည်။ Credit Card မှ POS သုံးစွဲသည့် ငွေပမာဏကိုလည်း အတိုးကင်းလွတ်ခွင့်ကာလ ပေးထားပြီး အများဆုံး ကာလမှာ ၄၅ ရက် ဖြစ်သည့်အတွက် သတ်မှတ်အတိုးနှုန်း ကင်းလွတ်ခွင့်ကာလ မကျော်လွန်မီသုံးစွဲထားသည့် ငွေအား ဘဏ်သို့ ပြန်ဆပ်ပါက အတိုးကင်းလွတ်ခွင့် ရှိသော်လည်း ကင်းလွတ်ခွင့်ကာလ ကျော်လွန်သွားပါက သုံးစွဲထားသည့် ငွေပမာဏပေါ်တွင် အတိုး တွက်ချက်သွားမည်ဖြစ်ပြီး ယခု တွက်ချက်မည့် အတိုးနှုန်းမှာ ရာခိုင်နှုန်း ၂၀ အထိ ဘဏ်များက ကောက်ခံနိုင်မည်ဖြစ်သည်။ Credit Card ဖြင့် ATM စက်မှ ငွေသားထုတ်ယူပါက သတ်မှတ် ဝန်ဆောင်ခ (ဘဏ်အလိုက် ကောက်ခံမှုနှုန်း ကွာခြားသည်) ကို ထုတ်ယူချိန်ကတည်းက ပေးဆောင်ရမည်ဖြစ်ပြီး အဆိုပါငွေ ပြန်မဆပ်မချင်း သတ်မှတ်အတိုးနှုန်း ပေးဆောင်ရမည် ဖြစ်သည်။ ဘဏ်များသည် Credit Card များကို ချေးငွေထုတ်ယူ သုံးစွဲနိုင်မှုပမာဏ အနည်းအများအလိုက် ခွဲခြားထုတ်ဝေ ထားကြခြင်း ဖြစ်ပြီး အနည်းဆုံး ကျပ် သုံးသိန်းမှစ၍ အများဆုံး ကျပ်သိန်း ၅၀၀ ဝန်းကျင်အထိ အသုံးပြုနိုင်သည်။ Credit Card သုံးစွဲသူများ၏ အသုံးစရိတ် စစ်ဆေးခြင်းကို လကုန်တိုင်းတွင် ဘဏ်များက ကတ်သုံးစွဲမှုစာရင်းပေးပို့ပြီး စာရင်းပေးပို့ချိန်မှစ၍ သတ်မှတ်ကာလအတွင်း ငွေပြန်ဆပ်ပါက အတိုးကင်းလွတ်ခွင့် ပေးထားကြောင်းသိရသည်။

**Source:** https://news-eleven.com/article/102649

## တစ်ဒေါ်လာလျှင် ၁၅၂၀ ကျပ် ဝန်းကျင်စျေးပြန်ရောက်

သင်္ကြန်ပွဲတော်အပြီး ပြည်တွင်းငွေကြေးစျေးကွက်တွင် ကန်ဒေါ်လာ ၂ ရာခိုင်နှုန်းခန့် ပြန်လည်မြင့်တက်လာပြီး ကျပ်ငွေ တန်ဖိုးကျဆင်းနေသည်။ ဧပြီ ၂၅ ရက်တွင် ပျမ်းမျှ တစ်ဒေါ်လာလျှင် ၁,၅၂၀ ကျပ် ခန့် စျေးဖွင့် ပြီး သင်္ကြန်မတိုင်မီက တစ်ဒေါ်လာ ၁,၄၉၅ ကျပ်ခန့်သာစျေးရှိသည်။ လက်ရှိပြည်တွင်းငွေကြေးစျေးကွက်တွင် ဒေါ်လာတန်ဖိုး အနည်းငယ်ပြန်လည်မြင့်တက်လာသော်လည်း လကုန်ရက်များ၌ကျဆင်းနိုင်သည်ဟု ပို့ကုန်စီးပွားရေး လုပ်ငန်းရှင်အချို့ကပြောသည်။ လက်ရှိပြည်တွင်းစျေးကွက်တွင် ဒေါ်လာဝယ်လိုအားက လျော့နည်းလာသည်ဟု ငွေလဲဂန်ဆောင်မှု လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ထို့အပြင် ကုန်သွယ်မှုလိုငွေ လျော့ကျလာခြင်း၊ ပြည်တွင်းဂယ် လိုအားနည်းခြင်းနှင့် နိုင်ငံတကာ ငွေကြေး စျေးကွက်တွင် ဒေါ်လာတန်ဖိုး အနည်းငယ် လျော့နည်းခြင်းက ကျပ်ငွေတန်ဖိုးတက်ရန် အခြေအနေဖြစ်နေသည်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ပြောသည်။

ပြည်တွင်း ငွေကြေးစျေးကွက်တွင် ဒေါ်လာတန်ဖိုး အနည်းငယ်မြင့်တက်သော်လည်း ရွှေစျေးနှုန်းကျဆင်း နေသည်။ သင်္ကြန်ပိတ်ရက် မတိုင်မီက တစ်ကျပ်သားလျှင် ကျပ် ၁၀ သိန်းလေးသောင်း ငါးထောင်ကျပ်စျေးရှိခဲ့သော ပြည်တွင်း ရွှေစျေးက ဧပြီ ၂၅ ရက်တွင် ကျပ် ၁၀ သိန်းသုံးသောင်းရှစ်ထောင်သို့ ပြန်လည်ကျဆင်းလာသည်။

ပြည်တွင်း ရွှေစျေးကျဆင်းရခြင်းသည် ကမ္ဘာ့ရွှေစျေးကျဆင်းမှုကြောင့်ဟု စီးပွားရေးလုပ်ငန်းရှင် အချို့က ပြောသည်။ ကမ္ဘာ့ရွှေစျေး တစ်အောင်စလျှင် ၁,၂၉၆ဒေါ်လာ မှ ၁,၂၇၆ ဒေါ်လာ သို့ ကျဆင်းလာသည်။

**Source: http://www.7daydaily.com/story/154641**

## မေလတွင် ကြက်သွန်စျေးနှုန်း မြင့်တက်လာနိုင်



ယခုရက်ပိုင်းအတွင်း ကြက်သွန်နီစျေးနှုန်းများကျဆင်းနေခဲ့သော်လည်း မေလပထမပတ်မှစတင်ပြီး ကြက်သွန်စျေးနှုန်း အနည်းငယ်ပြန်လည် မြင့်တက်လာနိုင်ကြောင်း မန္တလေးမြို့ ကြက်သွန်ပွဲရုံများထံမှသိရသည်။ ပြီးခဲ့သည့် သင်္ကြန်ကာလ မတိုင်ခင်က ကြက်သွန်နီစျေးနှုန်းမှာ တောင်သူ စျေးနှုန်း တစ်ပိဿာလျှင် ကျပ် ၃၀၀ ဝန်းကျင်အထိ ကျဆင်းခဲ့သည့်အတွက် ကြက်သွန်စိုက် တောင်သူများမှာ သင်္ကြန်ကာလအပြီးတွင် ကြက်သွန် စျေးနှုန်းအား ဆွဲတင်လာခြင်းကြောင့် လက်ရှိတွင် ကြက်သွန်နီစျေး တည်ငြိမ်လျက်ရှိသည်။

တောင်သူတွေက အခုကြက်သွန်တွေကို မရောင်းတော့ဘူး။ ပြန်ထိန်းလိုက်တယ်။ သူတို့လိုချင်တဲ့စျေးပြန်ရမှ ထုတ် ရောင်းမယ့်သဘော ဖြစ်နေတယ်။ ဒါကြောင့် မကြာခင် ကြက်သွန်နီစျေး တက်လာဖို့ရှိတယ် '' ဟု မန္တ လေးမြို့မှ ကြက် သွန်ကုန်သည် ဦးဝင်းမြင့်က ပြောသည်။ ယင်းအပြင် တရုတ်နယ်စပ်၌လည်း ကြက်သွန်နီများ ပုံနေသည့်အတွက် လက်ရှိ မန္တလေး ကြက်သွန်နီ စျေး ကွက်မှာ စျေးနှုန်းအပြောင်းအလဲ မရှိပဲ တည်ငြိမ်နေပြီး၊ တောင်သူများမှ သိုလှောင်ထားသည့် ကြက်သွန်နီ များမှာ မေလ ပထမပတ်ခန့်တွင်စျေးကွက်အတွင်းသို့ ဝင်ရောက်ဖွယ်ရှိနေကြောင်း သိရသည်။ ကြက်သွန်နီ စျေး တက်မယ်ဆိုရင်လည်း ၅၀ ၊ ၁၀၀ ကျပ်ထိ တက်နိုင်တယ်။ တောင်သူတွေကလည်း ကြက်သွန်စျေးကို ဆွဲတင်ပြီလေ ဟု ရွှေမန်းလှကြက်သွန်ပွဲရုံပိုင်ရှင်ဦးဝင်းမြင့်က ပြောသည်။ လက်ရှိမန္တလေးကြက်သွန်နီစျေးကွက်၌ ကြက်သွန်နီ တစ်ပိဿာလျှင် ပွဲရုံစျေး ထိပ်စ ၄၀၀ မှ ၅၀၀ ကျပ်၊ အောက်စ ၃၀၀ ကျပ်ခန့် စျေးရရှိနေကြောင်း သိရသည်။

**Source:** http://www.amiamyanmar.com/Detail.aspx?id=7984

## မိုးတွင်းကာလ၌ ဆန်စပါးတင်ပို့ရာတွင် အရည်အသွေးထိန်းသိမ်းမှု အခက်အခဲများရှိနေသည့်အတွက် ဆိပ်ကမ်းဆိုင်ရာ အခြေခံအဆောက်အအုံ အားနည်းချက်များကို အဆင့်မြှင့်တင်ရန်လိုအပ်ဟု ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ပြောကြား



မိုးတွင်းကာလ၌ ဆန်စပါးတင်ပို့ရာတွင် အရည်အသွေးထိန်းသိမ်းမှု အခက်အခဲများ ရှိနေသည့်အတွက် ဆိပ်ကမ်းဆိုင်ရာ အခြေခံ အဆောက်အအုံများ၊ အားနည်းချက်များကို အဆင့်မြှင့်တင်ရန် လိုအပ်ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားသည်။ "ဆန်တင်နေတဲ့အချိန်မှာ မိုးရွာတဲ့ ကိစ္စ ကျွန်တော်တို့နိုင်ငံမှာ အခြေခံအဆောက် အအုံပိုင်းတွေမှာ ဆိပ်ကမ်းပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာမှာ အားနည်းချက်တွေ အများကြီး ရှိပါတယ်။ လယ်ယာ စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး မိုးရွာတဲ့အချိန်မှာ မိုးတွင်းမှာ သင်္ဘောတင်နိုင်တဲ့ အနေအထားကို လုပ်နိုင်တဲ့အနေအထား တော်တော်ခက်ခဲပါတယ်။ ဒါတွေကလည်း ကြီးကြီးမားမား ရင်းနှီးမြှုပ်နှံမှုတွေ မဟုတ်ပါဘူး။ လက်ရှိဆိပ်ကမ်းတွေမှာပဲ ကုန်တင်နေရာတွေမှာ အမိုးလေးတပ်လိုက်ရင် လုပ်လို့ရတဲ့ အနေအထားတွေရှိပါတယ်"ဟု ဦးရဲမင်းအောင်က ပြောကြားသည်။

အဆိုပါကိစ္စရပ်များအား ဖြေရှင်းနိုင်ရန် နိုင်ငံတော်အစိုးရထံသို့ တင်ပြထားပြီး မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် ၏ တာဝန်ရှိသူများမှလည်း ဗီယက်နမ်နိုင်ငံသို့ နည်းပညာပိုင်းဆိုင်ရာများ သွားရောက်လေ့လာကာ ပြည်တွင်း၌ အကောင်ထည်ဖော်တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။ "ဒါလေးတွေအားလုံးကိုလည်း နိုင်ငံတော် အစိုးရကို တင်ပြထားပါတယ်။ ကျွန်တော်တို့ကိုယ်၌လည်း ဗီယက်နမ်ကိုသွားပြီးတော့ ဆန်စပါးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်တဲ့ အဖွဲ့ ဗီယက်နမ်ကိုသွားရောက် လေ့လာပြီးတော့ လုပ်ဆောင်ဖို့လည်းရှိပါတယ်" ဟု ဦးရဲမင်းအောင်ကပြောကြားသည်။ ပြီးခဲ့သည့် ရက်တစ်ပတ်အတွင်းမှာလည်း အာဖရိကအနောက်နိုင်ငံ တစ်နိုင်ငံဖြစ်သော အိုင်ဗရီကို့စ်သို့ ဆန်တင်ပို့ခဲ့သည့် မြန်မာ့ဆန်များမှာ အရည်သွေးပိုင်းဆိုင်ရာ ထိန်းသိမ်းမှု လျော့ကျခဲ့သောကြောင့် ဖျက်ဆီးခံခဲ့ကြောင်း သိရသည်။

"မြန်မာ့ဆန် ဖျက်ဆီးခံရတယ်ဆိုတဲ့ သတင်းခေါင်းစဉ်ကြောင့် တော်တော်ကြီးစိတ်မကောင်းလည်း ဖြစ်ရပါတယ်။ သက်ရောက်မှုလည်းရှိပါတယ်။ တချို့ကျွန်တော်တို့ ဝယ်လက်တွေကလည်း မေးမြန်းတာတွေရှိတယ်၊ စားသုံးသူ ပြည်သူတွေကလည်း မေးမြန်းတာတွေရှိတယ်" ဟု ဦးရဲမင်းအောင်က ပြောကြားသည်။ အိုင်ဗရီကို့စ်သို့ ဆန်တင်ပို့ခဲ့သည့် ဆန်များမှာ Olam International Co.,Ltd က အာဖရိကတိုက်ရှိ ဂီနီသို့ဆန်တင်ပို့ရန် မြန်မာ ကုမ္ပဏီသုံးခုဖြစ်သော ရွှေဝါရောင်ကုမ္ပဏီမှ တန် ၁၃၅၀၀၊ Myanmar Economic Corporation Co.,Ltd မှ တန် ၈၀၀၀ နှင့် ရောဟသ်ာကုမ္ပဏီမှ တန် ၅၀၀ စသည်ဖြင့် ဆိပ်ကမ်းအရောက်ဈေးနှုန်း (FOB) ဖြင့် ဝယ်ယူခဲ့သည့် ဆန်များဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

**Source:** https://news-eleven.com/article/102577

## ယခုနှစ် မေလမှ စတင်ကာ စိန်တလုံး သရက်သီးကို အိန္ဒိယသို့ တင်ပို့မည်



ယခုနှစ် မေလမှ စတင်ကာ မြန်မာ့စိန်တလုံး သရက်သီးများကို အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးကလေးမြို့နယ်အတွင်းရှိ သရက်စိုက်တောင်သူများထံမှ သတင်းရရှိသည်။ ကလေးမြို့မှ သရက်စိုက် တောင်သူများအနေဖြင့် စိန်တလုံးသရက်သီးကို အိန္ဒိယနိုင်ငံသို့ တင်ပို့ရခြင်းမှာ တရုတ်နိုင်ငံနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပိုရသည့်အပြင် လမ်းခရီးတိုတောင်းမှု အားသာချက်များကြောင့်ဖြစ်ကြောင်းသိရသည်။

ကလေးမြို့ကနေ အိန္ဒိယကိုဆိုရင်လမ်းခရီးကနီးတယ်။ တရုတ်ကတော်တော်လေး ဝေးတယ်။ လမ်းခရီးကြာမြင့်မယ်။ ဒါကြောင့် အိန္ဒိယကို တင်ပို့ရတာဟု ကလေးမြို့မှ သရက်စိုက်တောင်သူ ဦးကြည်ဝင်းက ပြောသည်။ အိန္ဒိယနိုင်ငံသို့ သရက်သီးတင်ပို့ခြင်းကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က စတင်ခဲ့သော်လည်း၊ ထိုစဉ်က သရက်သီးတင်ပို့မှုနည်းပါးခဲ့ပြီး၊ ယခုနှစ်တွင် ယမန်နှစ်ကထက် ပိုမိုတင်ပို့နိုင်ရန် ခန့်မှန်းထားကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသို့ သရက်သီးတင်ပို့ခြင်းကို တမူးကုန်သွယ်ရေးစခန်းမှ တင်ပို့သွားမည်ဖြစ်ကြောင်းသိရသည်။ စိန်တလုံးသရက်သီး အစုံအလင်ပို့မယ်။ ကိုယ်နဲ့ပတ်သက်ကြတဲ့ နှစ်နိုင်ငံကုန်သည် အချင်းချင်း ချိတ်ဆက်ပြီး တင်ပို့ကြမှာပါဟု သရက်စိုက်တောင်သူ ဦးလှိုင်မိုးကပြောသည်။

**Source:** http://www.amiamyanmar.com/Detail.aspx?id=7981

## သံတောင်ကြီး မြို့နယ်တွင် Organic ကော်ဖီ ဧက ၅၀၀၀ စိုက်ပျိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်



ကရင်ပြည်နယ် သံတောင်ကြီး မြို့နယ်တွင် Organic ကော်ဖီ ဧက ၅၀၀၀ အား စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးပေးလျက်ရှိကြောင်း ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှသိရသည်။ ထို့ပြင်ဌာနပိုင် ရွှေညောင်ပင် သစ်သီးဥယျာဉ်ခြံအတွင်း လိုင်ချီး၊ လောင်ဂန်၊ ကျွဲကော၊ ထောပတ်၊ ကြက် မောက်၊ လိမ္မော်၊ ဒူးရင်း၊ မင်းကွတ်၊ နာနတ်ပွင့်၊ လက်ဖက်၊ ဖာလာ စသည့် သီးနှံများကို လေ့ကျင့်ထိစ် စိုက်ပျိုးနည်းစနစ်များဖြင့် လုပ်ဆောင်နေကြောင်း သိရသည်။

ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်က “ ဧက ငါးထောင် ကော်ဖီ စိုက်ပျိုးရေးကို ကော်ဖီပျိုးနေတာနဲ့ ပက်သက်ပြီး ကွင်းဆင်း ဆောင်ရွက်နေသလို တစ်ဖက်မှာလည်း လိုအပ်တာပံ့ပိုးပေးနေတယ် ” ဟု ပြောသည်။ ကရင်ပြည်နယ် သံတောင်ကြီး မြို့နယ်၊ လိပ်သို၊ ဘောဂလိ ဒေသတွင် ဈေးကွက်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးနှင့် အရည်အသွေးမြင့် ကော်ဖီများ ဆက်လက်ထုတ်ပေးနိုင်ရေး၊ ဒေသခံများ အလုပ်အကိုင်ရရှိရေး၊ ပြည်နယ်ထွက် ကော်ဖီ တန်ဖိုးမြင့် ထုတ်လုပ်နိုင်ရေး တို့ကို ရည်ရွယ်ပြီး လိပ်သိုဒေသတွင် ဧက (၅၀၀၀) အား ကော်ဖီ အထူးဇုန်အဖြစ် စီမံချက်ချ၍ ဆောင်ရွက်ခြင်း ဖြစ်ကြောင်းသိရသည်။

ယင်းဒေသတွင် ကော်ဖီ ဧက (၉၅၀၀) ခန့် စိုက်ပျိုးပြီး အသီးခူး ဧက (၅၃၀၀) ခန့်သာရှိရာ အရည်အသွေးမြင့် ကော်ဖီပင်များ စိုက်ပျိုးရန်လိုအပ်သော ပျိုးပင်များနှင့်နည်းပညာများကို ကော်ဖီသုတေသနမှ ပညာရှင်များဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့ပြင် ဒေသခံစိုက်ပျိုးသူအဖွဲ့များ၊ အသင်းအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သံတောင်ကြီး ဒေသ၏ ကွဲပြားသော ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထားအရ ဒေသခံ စိုက်ပျိုးသူ များ၏

လိုလားချက်နှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးရန်၊ အအေးဒဏ်ခံ သစ်သီးဝလံ စိုက်ခင်းများကို ဒေသခံ တောင်သူများနှင့် ပူးပေါင်းသုတေသနပြု စိုက်ပျိုးမည့် အစီအစဉ်များလည်း ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

ကရင်ပြည်နယ် သံတောင်ကြီးရှိ ကော်ဖီစိုက်တောင်သူ ဦးစန်းလွင်က " ဘောဂလိဒေသ ပေ (၃၀၀၀) အထက် မှာရှိလို့ ကုန်းမြင့်ကော်ဖီ စိုက်ကြတယ်။ နောက် လိပ်သိုဒေသနဲ့ သံတောင်လေးဒေသ ပေ ၃၀၀၀ အောက် နိမ့် လို့ မြေနိမ့်ကော်ဖီတွေကို ဒေသအလိုက် မျိုးတွေခွဲခြား စိုက်နိုင်တော့ ဒီကဏ္ဍသာ ရည်မှန်းချက်ထားလုပ်နိုင်ရင် ပြည်ပကို ပို့ဖို့အထိ အရည်အသွေးလည်း ရရှိလာမယ်လို့ ယုံကြည်တယ် " ဟု ပြောသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ပမှ နှစ်စဉ် ကော်ဖီတင်သွင်းမှုမှ ကန်ဒေါ်လာ သန်း ၁၀၀ ကျော် တင်သွင်းနေရ၍ ပြည်တွင်းတွင် တိုးတက်စိုက်ပျိုးခြင်းဖြင့် သွင်းကုန်အစားထိုး လုပ်ငန်းများ လျော့ချလာနိုင်မည် ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။ ကော်ဖီကဏ္ဍ တိုးတက်လာစေရန် ဒေသခံတောင်သူများကို စိုက်ပျိုးရာ ဒေသအလိုက် ကော်ဖီစိုက်တောင်သူ များပါဝင်သည့် အစုအဖွဲ့များ တည်ထောင်ပေးခြင်း၊ အစုအဖွဲ့အချင်းချင်း နည်းပညာမျှဝေနိုင်ခြင်း၊ ကော်ဖီ ထုတ်ကုန်များတန်ဖိုးမြင့် ထုတ်ကုန်ဖြစ်လာစေရန် ဒေသဆိုင်ရာဌာနများမှ ပံ့ပိုးပေးခြင်းတို့လိုအပ်ကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/Detail.aspx?id=7983

## လေးလအတွင်း ကျွဲ၊ နွား‌စျေးနှုန်း ထက်ဝက်ခန့်ကျဆင်း

တရုတ်နိုင်ငံမှ ကျွဲ၊ နွား ဝယ်ယူမှု မရှိသည့်နောက်ပိုင်း ၄ လတာအတွင်း ကျွဲ၊ နွား စျေးနှုန်းများမှာ ထက်ဝက်ခန့် ထိ ကျဆင်းလာကြောင်း ကျွဲ၊ နွား ကုန်သည်များထံမှ သတင်းရရှိသည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ တရုတ်နိုင်ငံဘက်သို့ ကျွဲ၊ နွား တင်ပို့မှု မြင့်တက်ခဲ့သည့် အချိန်က ကျွဲ၊ နွား တစ်ကောင်၏ စျေးနှုန်းမှာ ငွေကျပ်သိန်း ၂၀ ကျော်မှ ၂၃ သိန်းအထိ ရှိခဲ့သော်လည်း၊ လက်ရှိတွင် ၁၀ သိန်း မှ ၁၅ သိန်းခန့်ထိသာ စျေးရရှိကြောင်း သိရသည်။

ကျွဲ၊ နွား စျေးတွေ ကျဆင်းလို့ အရောင်းအဝယ်ဖြစ်လားဆိုတော့လည်းမဖြစ်ဘူး။ ကုန်သည်အကုန်လုံးက လက်ထဲကိုင်ထားတဲ့ ကျွဲ၊ နွားတွေကိုပဲ ရောင်းထုတ်ချင်နေတာ၊ နောက်ထပ် ဝယ်ဖို့ဆိုတာ မဖြစ်နိုင်သေးဘူး။ မူဆယ်မှာ ပုံနေတဲ့ ကျွဲ၊ နွားတွေကုန်မှ အရောင်းအဝယ် ပြန်ကောင်းမယ်ထင်တယ်ဟု မန္တလေးမြို့ခံ ကျွဲ၊ နွား ကုန်သည် တစ်ဦး ဖြစ်သူ ဦးသန်းအောင်ကပြောသည်။ ယခုနှစ် ဇန်နဝါရီ ဒုတိယပတ်ခန့်မှစပြီး တရုတ်နိုင်ငံ ကုန်သည်များမှ ပြည်တွင်း ကျွဲ၊ နွားများကို ဝယ်ယူမှုမရှိသည့်အတွက် ကျွဲ၊ နွားစျေးကွက် အရောင်းအဝယ်ရပ်တန့်ခဲ့ခြင်မှာ လက်ရှိအချိန်ထိဖြစ်နေ ကြောင်းသိရသည်။

အခု ကျွဲ၊ နွား စျေးနှုန်းတွေက စျေးကျလာတာမဟုတ်ဘူး။ တရုတ်ဘက်က စျေးချတာ။ ဒါကို ကျွန်တော်တို့ ကုန်သည်တွေ စုပေါင်းပြီး ဖြေရှင်းမှရမယ် " ဟု မန္တလေးတိုင်းဒေသကြီး ကျွဲနွားတင်ပို့သူများအသင်းဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက မူဆယ် ကျွဲ၊ နွား စျေးကွက်တွင် ကျွဲ၊ နွား တစ်ကောင်၏ အနိမ့်ဆုံးစျေးနှုန်းမှာ ငွေကျပ် ၂၃ သိန်းဖြစ်သော်လည်း၊ ယနေ့ မူဆယ်စျေးကွက်တွင် ကျွဲ၊ နွား တစ်ကောင်၏ အနိမ့်ဆုံးစျေးနှုန်းမှာ ငွေကျပ် ၁၂ သိန်းခန့်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/a9biz/

## ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှု တန်ချိန်တစ်သန်းကျော် လျော့ကျနေ

ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှာ ယခင်နှစ်တင်ပို့မှုထက် တန်ချိန်တစ်သန်းကျော် လျော့ကျခဲ့ပြီး အဆိုပါတင်ပို့မှုမှ ပို့ကုန်ဝင်ငွေ ရရှိမှုအပိုင်းမှာလည်း အမေရိကန်ဒေါ်လာ ၃၅၀ ကျော် လျော့နည်း ရရှိခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။ ပြီးခဲ့သည့်နှစ်က ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၃ ဒသမ ၅ သန်းကျော်ထိ စံချိန်တင်တင်ပို့နိုင်ခဲ့တာဖြစ်ပြီး၊ တင်ပို့မှုမှရရှိသည့်ဝင်ငွေမှာလည်း အမေရိကန်ဒေါ်လာ သန်း တစ်ထောင်ကျော်ထိ ရရှိခဲ့သည်။ သို့သော် ယခုနှစ်တွင် တန်ချိန် ၂ ဒသမ ၃ သန်းကျော်သာ တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေမှာလဲ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော် ၈၀၀ နီးပါးသာရရှိခဲ့သည်ကိုတွေ့ရသည်။

ယမန်နှစ်နှင့် နိုင်းယှဉ်လျှင် နယ်စပ်ကုန်သွယ်ရေးမှ ဆန်နဲ့ ဆန်ကွဲတင်ပို့မှုမှာ ယမန်နှစ်ထက် တန်ချိန် ၇ သိန်းကျော်

ပင်လယ်ရေကြောင်းတင်ပို့မှုမှ တန်ချိန် ၄ သိန်းကျော် အသီးသီးလျော့ကျခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ တင်ပို့မှု လျော့ကျရခြင်းမှာ တရုတ်နိုင်ငံ၏ ဝယ်လိုအား လျော့ကျခဲ့သည့်အပြင် အီးယူမှ မြန်မာဆန်အပေါ် အခွန်ပြန်လည် ကောက်ခံခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း ဆန်ကုန်သည်များကဆိုသည်။ ထို့ကဲ့သို့ ဆန်တင်ပို့မှု လျော့ကျခဲ့ခြင်းကြောင့် ပြည်တွင်း၌ ဆန်ပိုလျှံမှုဖြစ်ပေါ်ကာ ပြည်တွင်း ဆန်စပါးဈေးနှုန်း မှာလည်း ကျဆင်းနေသည်။

ကမ္ဘာ့ ဆန်ဈေးကွက်မှာလဲ ဈေးက၏ကျနေတယ်။ ပြည်တွင်းမှာလဲ ဆန်တွေ ပိုလျှံနေတယ်၊ နောက်တစ်ခါ ပြည်တွင်းမှာရှိတဲ့ တစ်ချို့ ဆန်လုပ်ငန်းရှင်တွေက မူဆယ်နယ်စပ်မှာ ဆန်မရောင်းရတဲ့အတွက် တန်ချိန် ခုနစ် သောင်း၊ ရှစ်သောင်းလောက် ပိတ်မိနေတယ်၊ ဒီအတွက် ကျွန်တော်တို့ ကုန်သည်တွေမှာ ငွေမပေါ်ဘူး၊ ဝယ် တော့ ဝယ်ချင်တယ်၊ ဒီဈေးတွေကိုလဲ ကျွန်တော်တို့ ကုန်သည်တွေ၊ စက်ပိုင်တွေ ကြိုက်တယ်၊ သို့သော် လည်း ပဲ ဝယ်စရာ ငွေရေးကြေးရေး အခက်အခဲ ရှိတယ်။ ဒါကြောင့်မို့ ဝယ်နိုင်အား ရှိသော်လည်းပဲ ငွေရေးကြေးရေး လည်ပတ်မှု အားနည်းတဲ့အတွက် စပါးဈေးကျတာပါ " ဟု မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက ဆိုသည်။ ယင်းအခြေအနေများကြောင့် ယခုနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၂ သန်းခွဲခန့်သား တင်ပို့နိုင်မည်ဟု မြန်မာ နိုင်ငံ ဆန်စပါးအသင်းချုပ်က ခန့်မှန်းထားသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အနေဖြင့် လက်ရှိတွင်ပို့ကုန်ကဦးဆောင်တဲ့ ဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်နေပြီး၊ ပို့ကုန်ဖွံ့ဖြိုးမှုတစ်ဆင့် ဆန်စပါးကဏ္ဍတွင် မှီခိုနေသူအားလုံး ဖွံ့ဖြိုးလာရေးကို ဆောင်ရွက်သွားရန် ရည်ရွယ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးချုပ်၏ ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဆိုသည်။ လတ်တလောအနေအထားနဲ့ ပြောရမယ်ဆိုရင် တက်နိုင်သမျှ ဈေးကွက်ချဲ့ထွင်ဆောင်ရွက်တဲ့ မဟာဗျူဟာကို လုပ်နေပါတယ်၊ အထူးသဖြင့် အိမ်နီးနားချင်းဈေးကွက်တွေဖြစ်တဲ့ တရုတ်ဈေးကွက်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံတွေကိုပါဟု ၎င်းက ဆိုသည်။ မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၅၀ ကျော်ကို နှစ်စဉ်ဆန်နှင့် ဆန်ကွဲ တန်ချိန် တစ်သန်းကျော် ၂သန်းနီးပါး ပုံမှန်တင်ပို့ ရောင်းချနေခဲ့ရာမှ ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၃သမ၅ သန်းအထိ စံချိန်တင် တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၃သမ၃ သန်းကျော်သာ တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

**Source:** http://www.amiamyanmar.com/detail.asp

## တရုတ်နိုင်ငံသည် ပဲပုပ်ဖွံ့ဖြိုးမှုစီမံကိန်း အကောင်အထည်ဖော်သွားမည်ဖြစ်

နိုင်ငံတကာပဲပုပ် ကုန်သွယ်ရေးကို ဆက်လက်လုပ်ဆောင်သွားမည်ပဲပုပ်သည် ကမ္ဘာပေါ်တွင်အရေးပါသော ဆီထွက်သီးနှံ တစ်မျိုးနှင့် လူသားတို့ အရည်အသွေးမြင့် ပရိုတိန်းရရှိနိုင်သော အဓိကအရင်းအမြစ်တစ်ခုဖြစ်ပါသည်။ ပဲပုပ်သည် တရုတ်နိုင်ငံ၏ အဓိက စိုက်ပျိုးရေးသီးနှံတစ်မျိုးဖြစ်ပြီး တရုတ်နိုင်ငံ တင်သွင်းမှုပမာဏ အများဆုံးဖြစ်သော စိုက်ပျိုးရေးထုတ်ကုန်အနက် တစ်ခုအပါအဝင်ဖြစ်သည်။ တရုတ်နိုင်ငံ စိုက်ပျိုးရေးထွက်ကုန် ကုန်သွယ်မှုကဏ္ဍအတွင်း အဓိကနေရာ ရယူထားကြောင်း သိရပါသည်။ မကြာသေးမီရက်များက တရုတ်နိုင်ငံ ဗဟိုကျေးလက်လုပ်ငန်း ဦးဆောင်အဖွဲ့မှ တွဲဖက်ခေါင်းဆောင်၊ ရုံးတာဝန်ခံ၊ စိုက်ပျိုးရေးကျေးလက်ဌာန အရာရှိတို့သည် တရုတ်နိုင်ငံတော် ကောင်စီပြန်ကြားရေးရုံး သတင်းစာရှင်းလင်းပွဲ၌ တရုတ်နိုင်ငံသည် ပဲပုပ်သီးနှံ၏ မူရင်းထွက်ရှိရာနိုင်ငံဖြစ်သောကြောင့် မိမိ၏ထူးခြားချက်နှင့် အားသာချက်ရှိကာ မိမိ၏ အရင်းအမြစ်အားသာချက်နှင့် စားသုံးသူလိုအပ်ချက်အရ သင့်လျော်စွာနှင့် ကျိုးကြောင်း ဆီလျော်စွာဖြင့် မိမိတို့၏ ပဲပုပ်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ပဲပုပ်ထုတ်လုပ်မှုကို ပြန်လည်ကောင်းမွန်လာအောင်ပြုလုပ်သွားမည်ဖြစ်သော်လည်း ပဲပုပ်ဈေးကွက်၏ ထောက်ပံ့မှုမှာ ပဲပုပ်တင်သွင်းမှုအဓိကဖြစ်သော အခြေအနေမပြောင်းလဲမည်မဟုတ်ကြောင်း၊ တရုတ်နိုင်ငံသည် နိုင်ငံတကာ ပဲပုပ်ကုန်သွယ်ရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး အမေရိကန်မှာ တရုတ်နိုင်ငံ ပဲပုပ် ကုန်သွယ်ရေး၏ အဓိက မိတ်ဖက်အဖြစ် ဆက်လက် ဖြစ်တည်နေမည်ဖြစ်ကြောင်း ပြောကြားချက်အရသိရပါသည်။

**Source:** https://www.facebook.com/shweliayarnews/

## ကုန်ဖလှယ်မှုစနစ် စတင်အကောင်အထည်ဖော်ရာတွင် ဦးစားပေးအနေဖြင့် မူဆယ်သို့ ရောက်ရှိနေသည့်ဆန်များကို တင်ပို့မည်

မြန်မာ-တရုတ် နှစ်နိုင်ငံကုန်ဖလှယ်မှုစနစ်ဖြင့် အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိရာ ယင်းစနစ် စတင်အကောင်အထည်ဖော်ရာတွင် ဦးစားပေးအနေဖြင့် မူဆယ်သို့ ရောက်ရှိနေသည့်ဆန်များကို တင်ပို့ မည်ဖြစ်ကြောင်း

မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင် ၏ ပြောကြားချက်အရ သိရသည်။

အဆိုပါကုန်ဖလှယ်မှု စနစ်ဖြင့် ကုန်သွယ်မှုပြုလုပ်ရန် ကနဦးအနေဖြင့် မူဆယ်၌ ရောက်ရှိနေသည့် ဆန်တန်ချိန် ငါးသောင်း ဝန်းကျင်နှင့် ဆန်အိတ်ရေ ၁၀ သိန်းခန့် တင်ပို့မည်ဖြစ်ကြောင်းသိရသည်။ စမ်းသပ်တင်ပို့ကြည့်မှာ ဖြစ်တဲ့အတွက် ဒီစနစ်မှာက ဈေးနှုန်းသတ်မှတ်ရတယ်။ ပမာဏတွေတွက်ရတယ်။ ကိုယ်ရောင်းချင်တဲ့ပစ္စည်း၊ တစ်ဖက်က ဝယ်ချင်တဲ့ပစ္စည်းညှိရတယ်။ အဲဒါလေးတွေလုပ်ဖို့ရှိတယ်။ လတ်တလော မူဆယ်ကို ရောက်နေတဲ့ ဆန်တွေကို အဓိကဦးစားပေး တင်ပို့ဖို့ရှိပါတယ်ဟု ဦးရဲမင်းအောင်ကပြောသည်။

အဆိုပါ ကုန်ဖလှယ်မှုစနစ်ကို နယ်စပ်ကုန်သွယ်ရေးအတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကာ မူဆယ်၌ လုပ်ကိုင်နေသည့် အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။ ဒါကိုအဖြေရှာဖို့ တရုတ်နိုင်ငံ ယူနန်ပြည်နယ်နဲ့ ဆွေးနွေးရမယ်။ ယူနန်ပြည်နယ်ကလည်း တရုတ်နိုင်ငံ ဗဟိုအစိုးရရဲ့ မူဝါဒကို အခြေခံထားတယ်။ အဲဒီတော့ ဆန်က ကိုတာရော ဂျူတီပါ ရှိတယ်။ ဆန်ကွဲက ကိုတာပဲရှိတယ်။ နှစ်နိုင်ငံအစိုးရချင်း ဆွေးနွေးတဲ့အခါမှာ ယူနန်ပြည်နယ်က ထွက်တဲ့ပစ္စည်း တွေကို မြန်မာနိုင်ငံကိုပို့မယ်။

မြန်မာနိုင်ငံကထွက်တဲ့ ဆန်စပါး၊ သားငါး ဒါတွေကို တင်ပို့နိုင်မယ်ဆို ရင် ယူနန်ပြည်နယ်လည်း အကျိုးရှိမယ်။ မြန်မာနိုင်ငံလည်း အကျိုးရှိမယ်။ ဒါကြောင့် ဒီလိုကုန်ဖလှယ်မှု စနစ်နဲ့ သွားကြမယ်ဆိုပြီး နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းပြီး သဘောတူလိုက်တယ်။ အဲဒီတော့ တစ်ဖက်က ယူနန်ပြည်နယ်က ကူမင်းမြို့တော် အစိုးရနဲ့ကျွန်တော်တို့ ကုန်သွယ်ရေး ဦးစီးဌာနတို့ လက်မှတ် ထိုးပြီးတော့ စမ်းသပ်လုပ်ကြည့်မှာပါဟု ဦးရဲမင်းအောင်ကပြောသည်။ ကုန်ဖလှယ်မှု ဖြစ်သောကြောင့် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များတင်ပို့သည့် တန်ဖိုးနှင့်ညီမျှသော ယူနန်ပြည်နယ်ထုတ် ဆောက်လုပ်ရေး ပစ္စည်းများ၊ လယ်ယာသုံးစက်ပစ္စည်းများ နှင့် ဓာတ်မြေသြဇာများ ပြန်လည်ဝယ်ယူပေးရမည်ဖြစ်သည်။ အဆိုပါ MoU ကို အောင်မြင်စွာ ညှိနှိုင်းအကောင် အထည်ဖော်နိုင်ပါက ဆန်စပါးအပါအဝင် မြန်မာ့လယ်ယာထွက်ကုန် နှင့်သားငါးများကို မူဆယ်နယ်စပ် ကုန်သွယ်ရေး လမ်းကြောင်းမှ တွင်ကျယ်စွာ တင်ပို့ရောင်းချနိုင်မည် ဖြစ်ကြောင်းသိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1889-rice-export.html

## Thura News Views

### More than 50 missing in latest Hpakant landslide

More than 50 people are feared dead following a landslide in Kachin State's Hpakant Township, an area that is renowned for its jade deposits and safety issues related to the industry, according to reports. An article in Frontier said that the landslide occurred on the evening of April 22, and that employees from two companies, Myanmar Thura Gems Company and Shwe Nagar Koe Kaung, were buried. Local parliamentarian U Tin Soe told Reuters that 54 workers were trapped when the earth collapsed. "They won't survive. It is not possible be-cause they are buried under mud," he said. Paul Donowitz, campaign leader for Myanmar for Global Witness, called on the government to hold companies operating in Hpakant to account. "Mining companies are placing profit before people and causing needless deaths as a result," he told Frontier. Landslides in Hpakant happen on a fairly regular basis, and are often the result of waste from the mines being dumped on mountainsides.

### Farmed fish to be exported to EU

Myanmar will begin exporting farmed marine products to the European Union market beginning in May, according to a Fisheries Department official. Accord-ing to the report by the Myanmar Times, the breeds to be exported include Rohu, Mrigal, Katla and Carfu fish species, as well as river catfish, barbus fish, spotted prawn, white prawn and soft shell crab. "We have been trying to export farmed fisheries to

the EU since 2014," said U Thet Naing, from the Fisheries Department. "It is a difficult process and only a few countries in Asia have per-mission to do so". The move comes after inspections were conducted at 27 fish breeding farms that supply fish to factories. The farms are located in Yangon, Ayeyarwady and Tanintharyi regions.

**Tokyo Century takes 20 percent stake in Yoma Fleet**

Japanese financial services firm Tokyo Century has taken a 20 percent stake in auto leasing firm Yoma Fleet in a deal worth USD 26.6 million, according to an article in Dealstreet Asia. The Japanese firm said that the move will expand Yoma Fleet's current operations. Also, they will "explore opportunities to expand into further business lines". Yoma Fleet is part of the Singapore-listed Yoma Strategic Holdings, with operations in real estate, consumer goods and financial services. Tokyo Century has made significant investments in Southeast Asia in recent years. Most notable investments include Singapore-based hail riding app Grab and Nobu Bank. The latter is an Indonesian lender which is part of the Lippo conglomerate.

**PetroChina opens first Myanmar fuel station**

Chinese state-run Petro China International has opened a service station in Myanmar, its first operations in the country. According to a Myanmar Times article, the operation is a joint venture between Singapore Petroleum Co (SPC), which is Petro China's Singaporean arm, and local company Shwe Taung Energy Co, part of the Shwe Taung group. Shwe Taung is expected to upgrade all 18 of its outlets in Myanmar to the SPC brand. The first such station in Myanmar is to be located in Yangon's Sanchaung Township. "We are seeing considerable growth opportunities in the oil and gas retail market," Xia Hongwei, SPC managing director was quoted as saying. SPC is the first international company to enter Myanmar's fuel sector since the industry was liberalized in 2017. Local company Max Energy is expected to begin operating Shell-branded petrol stations in the future. Singapore's Puma Energy also plans to establish about 50 centers in the country within the next 10 years.

**Source: Thura Swiss (Issue 362 Apr 25, 2019 )**

## STOCK EXCHANGE (26.4.19)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 26th Apr. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 343 | 3,018,400 | 27,112,747 | 238,592 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,900 | 2,900 | 2,900 | 1,709 | 4,956,100 | 38,929,150 | 112,895 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 8 | 56,800 | 10,400,986 | 73,847 |
| FPB | 00004 | 21,000 | +500 | +2.44% | 21,000 | 21,000 | 21,000 | 2 | 42,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 400 | 1,120,000 | 12,212,906 | 34,196 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 374.62 | -0.52 | -0.14% | 374.62 | 374.62 | 374.62 | 2,462 | 9,193,300 | 5 | 511,443 |


**Index chart**




# Market Overview

As of 1:00 pm, 26th Apr. 2019

| MYANPIX | 374.62 ▼ 0.52 |
|---|---|
| Total Volume (shares) | 2,462 |
| Total Value (MMK) | 9 mil |
| Listed Company | 5 |
| Market Cap. (MMK) | 511,443 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,900 | ▼ 50 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 21,000 | ▲ 500 |
| TMH | 00005 | 2,800 | ▲ 0 |